dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

" Current Riot Control: How lawful is it ?"

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ဝ၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ပဋိပက္ခဖြေရှင်းမှုတွေဟာ ဥပဒေနဲ့အညီဖြစ်ရဲ့လား" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

လက်ရှိမှာ အစိုးရရဲ့ကျောင်းသားသပိတ် ဖြိုခွဲမှုပုံစံနဲ့ ပတ်သက်လို့ ဝေဖန်မှုတွေနဲ့သောသောညံနေပြီး သုံးသပ်သူတစ်ချို့ကတော့ နှစ်ဖက်စလုံးရှုံးခဲ့တဲ့ ကစားပွဲတစ်ခုလို့ ဆိုခဲ့ကြပါတယ်။

၂၀၁၃ ခုနှစ်တွင် အစပျိုးခဲ့ပြီး အမျိုးသား ပညာရေး ဥပဒေတစ်ရပ်အဖြစ် ၂၀၁၄ခုနှစ် စက်တင်ဘာလ ၃၀ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်က ပြဌာန်းပေးခဲ့သည်။ ယင်းဥပဒေမှာ မြန်မာအစိုးရ အနေဖြင့် သမိုင်းတွင် ပထမဆုံးရေးဆွဲသည့် ဥပဒေတစ်ရပ်လည်းဖြစ်ပြီး သဘောကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိရာ လက်ရှိတွင် နိုင်ငံအတွင်း သပိတ်ပွဲများမှ ရုန်းရင်းဆန်ခတ်မှုတို့ ဖြစ်ပေါ်သည်အထိ ကြီးထွားသွားခဲ့သည်။လက်ရှိတွင် အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုပုံစံနှင့် ကျောင်းသားများဘက်မှ ဥပဒေပိုင်းဆိုင်ရာနှင့် လွှတ် တော်၏ လုပ်ထုံးလုပ်နည်းများအပေါ် နားလည်မှုပိုင်းတို့အပေါ် ထောက်ပြဝေဖန်မှုများလည်း ရှိနေပြီး အစိုးရ၏ ဥပဒေများ ထုတ်ယူသုံးစွဲမှု ပေါ်တွင်လည်း ဥပဒေပညာရှင်တို့က ထောက်ပြမှုများစွာ ပြုလုပ် လျက်ရှိကြသည်။

မည်သို့ပင် ဆိုစေကာမူ အစိုးရသစ်လက်ထက်အတွင်း အရပ်ဖက်နှင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် ယခု ကျောင်းသားသပိတ် ဖြိုခွဲမှုအရေးသည် အစိုးရက ကျင့်သုံးသည့် ဥပဒေနှင့်ပတ်သက်ပြီး ကျယ်လောင်စွာ အဝေဖန်ခံရဆုံးဖြစ်ခဲ့ပြီး လက်ရှိအစိုးရ၏ အမှတ်ရခဲ့သော လုပ်ဆောင်ချက်များကိုပင် ထိခိုက်နစ်နာမှု ရှိစေခဲ့သည်ဟုလည်း ပညာရှင်အချို့က စိုးရိမ်စွာဆိုခဲ့ကြသည်။

မြန်မာနိုင်ငံသားတို့၏ အသိပညာထွန်းကားမှု ရေချိန်၊ ရင့်ကျက်မှု ၊ ပြဿနာတစ်ရပ်အပေါ် ပိုင်းခြားကြည့်မြင်သုံးသပ်နိုင်မှုရှိသူများ အင်အားနည်းလျက်ရှိသေးသည့် ဂန်းကျင်တွင် နိုင်ငံတည်ဆောက်ရေးအတွက် အခရာကျသည့် ဥပဒေများလည်း ရေးဆွဲရလျက်ရှိရာ အပွတ်အတိုက်များလည်း ထပ်မံရှိလာနိုင်မည်လား၊ ယခုတစ်ပတ် ဒီဘိတ်အစီအစဉ်က ထိုအထဲမှ တစ်စိတ်တစ်ပိုင်းကို ဆွေးနွေးကြည့်ကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

"လူစုလူဝေးကို ဖြေရှင်းတဲ့နေရာမှာ EU နည်းနဲ့ ဖြေရှင်းတာ၊ ဖမ်းဆီးတဲ့ အဆင့် မှာ ရုန်းရင်းဆန် ခတ်ဖြစ်တာ၊ အသာတကြည်ဖမ်းဆီးလို့မရဘူးဆိုရင် ကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ အနိုင်အထက်ပြုပြီး ဖမ်းဆီးနိုင်တယ်ဆိုတဲ့ ကျင့်ထုံးရှိတယ်။ အဲဒီကျင့်ထုံးအရ ဖမ်းဆီးတာပါ"
ဒုရဲတပ်ဖွဲ့မှူးကြီးဝင်းစိန် - ပဲခူးတိုင်းဒေသကြီး

"သူတို့အနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ အလေးအနက်လုပ်ပြီး တာဝန်ရှိခဲ့သူတွေကို အလုပ်ဖြုတ်ပစ်တာတွေ၊ မလိုအပ်ဘဲ ဆန္ဒပြသူတွေအပေါ် အင်အားသုံးခဲ့သူတွေကို အရေးယူတာတွေ လုပ်ပြရင်တော့ ဒီဖြစ်ရပ်ဆိုးကို အကျိုးဖြစ်အောင် ပြောင်းပစ်နိုင်ပါတယ်။ ခုလိုလုပ်ရင် ပြုပြင်ပြောင်းလဲရေးအပေါ် သက်ဝင်ယုံကြည်တာကို ပြတာပေါ့လေ။"
ဒါရိုက်တာ Brad Adams - လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့

**အစိုးရသစ်လက်ထက် ရဲတပ်ဖွဲ့နှင့် ပြည်သူများ ပဋိပက္ခဖြစ်ပွားခဲ့သည့်အခြေအနေ**

| စဉ် | ရက်စွဲ | အမည် | လက်နက် | ထိခိုက်မှု |
|---|---|---|---|---|
| ၁ | ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၇ | ရှားခဲကြီးကျေးရွာ အင်းလေလံကိစ္စ | သေနတ် | ဒေသခံအမျိုးသမီးတစ်ဦး သေနတ်ထိမှန်၊ ရှာသား‌အချို့ဒဏ်ရာရ |
| ၂ | ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ | မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု လယ်ယာမြေပြန်လည်ရရှိရေး | သေနတ် (ရဲတပ်ဖွဲ့)၊ တုတ်၊ ဓား | ရဲတပ်ဖွဲ့ဝင်တစ်ဦးသေ ၂၆ ဦးနှင့် ဒေသခံ ၁၅ ဦးဒဏ်ရာရ |
| ၃ | ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ | လက်ပံတောင်းတောင် ကြေးနီစီမံကိန်း | မီးလောင်ဗုံးဟု ယူဆရသည့် ဓာတု လက်နက်ဆန်း (ကမ္ဘာ့နိုင်ငံများတွင် အသုံးမပြုရန် တားမြစ်ထား) | သံဃာ ၉၉ ပါး၊ ဒေသခံ ကိုးဦး မီးလောင်ဒဏ်ရာရ |
| ၄ | ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ | ညောင်ဝန်းကျေးရွာ တပ်သိမ်းလယ်ယာမြေအရေး | သေနတ် | ဒေသခံအမျိုးသမီးတစ်ဦး သေနတ်ထိမှန်၊ ရှာသား‌အချို့ဒဏ်ရာရ |
| ၅ | ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ | လက်ပံတောင်းတောင် ကြေးနီစီမံကိန်း | သေနတ် | ဒေသခံအမျိုးသမီးတစ်ဦးသေဆုံး၊ ဒေသခံ ၂၀ ဦးသေနတ်ဒဏ်ရာရ |

### *Information links:*

**www.thevoicemyanmar.com**
[www.burmese.voanews.com](www.burmese.voanews.com)
**[www.dvbdebate.net](www.dvbdebate.net)**
[www.burmese.dvb.no](www.burmese.dvb.no)